**မြန်မာနိုင်ငံတွင်း လူထုအသားပေး ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဆွေးနွေးပွဲများ ကျင်းပမည့် အစီအစဉ်**

နိုင်ငံတွင်း လူထုအသားပေး ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဌာနနှင့် ကမ္ဘာ့ဘဏ်တို့သည် စီမံကိန်းကြိုတင်ပြင်ဆင်ခြင်းနှင့် စီမံကိန်းပုံစံရေးဆွဲခြင်း၏ တစ်စိတ်တစ်ပိုင်းအားဖြင့် ကဏ္ဍအသီးသီးမှ ခေါင်းဆောင်ပိုင်းများ ပါဝင်မည့် ညှိနှိုင်းဆွေးနွေးပွဲများ အမြောက်အများ ကျင်းပပေးခဲ့ပါသည်။ ယခင် ပြည်သူ့အခြေပြု လုပ်ငန်းများမှ ရရှိခဲ့သည့် အတွေ့အကြုံများကို ပြန်လည်လေ့ဆန်းစစ်ရန်၊ စီမံကိန်းနှင့် ပတ်သက်သည့် မေးခွန်းများကို ပြန်လည်ဖြေကြားရန်နှင့် ရေးဆွဲထားသည့် စီမံကိန်းပုံစံများကို ပြုပြင်မွမ်းမံနိုင်ရန်ဖြစ်သည်။

နေ့ရက်အလိုက် ကျင်းပပြီးစီးခဲ့သည့် ဆွေးနွေးပွဲများနှင့် ထပ်မံကျင်းပမည့် ဆွေးနွေးပွဲများ၏ စာရင်းကို အောက်တွင် ဖော်ပြထားပါသည်။ ထိုဆွေးနွေးပွဲများမှ ရရှိလာသည့် အကြံဉာဏ်များကို စီမံကိန်းပုံစံရေးဆွဲခြင်းနှင့် စီမံကိန်း အကောင်အထည်ဖော်ရာတွင် ဆက်လက်အသုံးချသွားမည် ဖြစ်သည်။ ပြောဆိုဆွေးနွေးခဲ့သည့် အကြောင်းအရာများ ကိုလည်း အမေးအဖြေကဏ္ဍတွင် ဖော်ပြပေးထားပါသည်။ အကယ်၍ စီမံကိန်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲတွင် ပါဝင်လိုလျှင် သို့မဟုတ် သင်၏ယူဆချက်များကို မျှဝေလိုလျှင် myanmar@worldbank.org သို့ အီးမေးလ် ပေးပို့နိုင် ပါသည်။

**ယနေ့အထိ ပြုလုပ်ခဲ့သည့် အစည်းအဝေးများ/ဆွေးနွေးပွဲများ**

၁။ နိုင်ငံတကာ အင်န်ဂျီအိုများနှင့် နည်းပညာအစည်းအဝေးကျင်းပခြင်း- အိုင်အင်န်ဂျီအိုများ အစည်းအဝေး၊ ရန်ကုန် **စက်တင်ဘာ ၁၃ ၊ ၂၀၁၂**

၂။ ပြည်တွင်းအင်န်ဂျီအိုများ နည်းပညာအစည်းအဝေး - အယ်လ်အာစီ၊ ရန်ကုန်။ **စက်တင်ဘာ ၁၄၊ ၂၀၁၂**

၃။ ဖွံ့ဖြိုးရေးလုပ်ဖော်ကိုင်ဖက်များ နည်းပညာ အစည်းအဝေး - ကမ္ဘာ့ဘဏ်၊ ရန်ကုန်။ **စက်တင်ဘာ ၁၄ ၊ ၂၀၁၂**

၄။ ပြည်တွင်းအင်န်ဂျီအိုများ အသေးစိတ် အစည်းအဝေး- ဘီအိုင်စီ၊ ရန်ကုန် ။ **အောက်တိုဘာ ၁၉ ၊ ၂၀၁၂**

၅။ ပြည်တွင်းအင်န်ဂျီအိုများ အသေးစိတ် အစည်းအဝေး - ရန်ကုန် ။**အောက်တိုဘာ ၂၅ ၊ ၂၀၁၂**

၆။ ပြည်တွင်းစီအက်စ်အိုများ အသေးစိတ် အစည်းအဝေး - ရန်ကုန် ။ **အောက်တိုဘာ ၂၉ ၊ ၂၀၁၂**

၇။ ပြည်တွင်းစီအက်စ်အိုများ အသေးစိတ်အစည်းအဝေး - ပေါင်းကူး ၊ ရန်ကုန် ။ **နိုဝင်ဘာ ၁ ၊ ၂၀၁၂**

၈။ ပြည်တွင်းနှင့် နိုင်ငံတကာ အင်န်ဂျီအိုများ ညှိနှိုင်းဆွေးနွေးပွဲ - အယ်လ်အာစီ ၊ ရန်ကုန်။ ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ ညှိနှိုင်း ဆွေးနွေးပွဲ - ကမ္ဘာ့ဘဏ် ၊ ရန်ကုန်။ **ဒီဇင်ဘာ ၃ ၊ ၂၀၁၂**

၉။ အရပ်ဘက် လူ့အဖွဲ့အစည်းရှိ အသင်းအဖွဲ့များ ညှိနှိုင်းဆွေးနွေးပွဲ - ကမ္ဘာ့ဘဏ်၊ ရန်ကုန် ။ **ဒီဇင်ဘာ ၃ ၊ ၂၀၁၂**

၁၀။ အရပ်ဘက် လူ့အဖွဲ့အစည်းရှိ အသင်းအဖွဲ့များ ညှိနှိုင်းဆွေးနွေးပွဲ - ပေါင်းကူး ၊ ရန်ကုန် ။ **ဒီဇင်ဘာ ၄ ၊ ၂၀၁၂**

၁၁။ အရပ်ဘက် လူ့အဖွဲ့အစည်းရှိ အသင်းအဖွဲ့များ အစည်းအဝေး - ကမ္ဘာ့ဘဏ်၊ ရန်ကုန်။ **ဒီဇင်ဘာ ၁၉၊ ၂၀၁၂**

၁၂။ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် အစည်းအဝေး - ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဌာန/နေပြည်တော်။ **ဇန်နဂါရီ ၂၈၊ ၂၀၁၃**

၁၃။ မြို့နယ် ရွေးချယ်သတ်မှတ်ရန် ပြည်နယ်အဆင့် ညှိနှိုင်းဆွေးနွေးပွဲ ရှမ်းပြည်နယ်။ **ဖေဖော်ဝါရီ ၁၄၊ ၂၀၁၃**

၁၄။ မြို့နယ် ရွေးချယ်သတ်မှတ်ရန် ပြည်နယ်အဆင့် ညှိနှိုင်းဆွေးနွေးပွဲ ချင်းပြည်နယ်။ **ဖေဖော်ဝါရီ ၂၆၊ ၂၀၁၃**

၁၅။ မြို့နယ် ရွေးချယ်သတ်မှတ်ရန် တိုင်းဒေသကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲ တနင်္သာရီတိုင်း ဒေသကြီး။ **ဖေဖော်ဝါရီ ၂၆၊ ၂၀၁၃**

**ကျင်းပရန်လျာထားသည့် အစီအစဉ်များ (ဧပြီလမှ ဇွန်လ ထိ - ၂၀၁၃ )**

- စီမံကိန်းလုပ်ငန်းစဉ်များ မူကြမ်းရေးဆွဲရေး နည်းပညာဆွေးနွေးပွဲ ရန်ကုန်။ **ဇွန်လ ၂၀၁၃။**
- ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မြို့နယ်အဆင့် ပြည်သူလူထုနှင့် ညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်။ **ဇွန်/ဇူလိုင် ၂၀၁၃**
- နောက်ဆက်တွဲ ညှိနှိုင်းဆွေးနွေးပွဲများကို လိုအပ်သလို ဆောင်ရွက်သွားပါမည်။